# သီလဝန္တသုတ္တန် တရားတော်ကြီး

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်၏ ဟောစဉ်စာအုပ်ကို လက်စွဲပြု၍ သင်ကြားသည်။

အပိုင်း(၉)ပိုင်းဖြင့် ဟောကြားတော်မူထားသည်။ စာမျက်နှာပေါင်း(၄၁၃ )ပါရှိသည်။

ဝိပဿနာရှုနည်း မူသေစည်း ဆောင်ပုဒ်သည် ဤသုတ္တန်ကို အခြေခံ၍ ဟောကြားရေးသားထားသည်။

**ပိဋကတ(၃)ပုံ**

၁။ ဝိနယပိဋက ၂။ သုတ္တန္တပိဋက ၃။ အဘိဓမ္မပိဋက

**နိကာယ်(၅)ရပ်**

၁။ ဒီဃနိကာယ် ၂။ မဇ္ဈိမနိကာယ် ၃။ သံယုတ္တနိကာယ်

၄။ အင်္ဂုတ္တရနိကာယ် ၅။ ခုဒ္ဒကနိကာယ်

သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂသံယုတ်၊ ဓမ္မကထိကဝဂ်(၁၃-သုတ်)၊ သီလဝန္တသုတ်(၁၀-သုတ်မြောက်ဖြစ်)

(၎င်းနောက် သုတဝန္တသုတ်ကို ဟောကြားထား)

အရှင်မဟာကောဋ္ဌိက မထေရ်မြတ်နှင့် အရှင်သာရိပုတ္တရာ မထေရ်မြတ် (၂)ပါးတို့ အမေး အဖြေပြုကြရာမှ ဖြစ်ပေါ်လာသော သုတ်ဖြစ်သည်။

**သီလဝန္တသုတ္တန် တရားတော်ကြီး မိတ်ဆက်အကျဉ်း**

၁။ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုအပ်ကြောင်း အရှင်သာရိပုတ္တရာ မထေရ်မြတ်က ပြဆိုထားရာမှာ အဘိဓမ္မာစာပေသရုပ်ခွဲ ပုံ အရအားဖြင့် တဏှာ,ဒိဋ္ဌိ ဥပါဒါန်တို့၏ အာရုံဖြစ်သော ရုပ် ၂၈ ပါး၊ လောကီစိတ် ၈၁ ပါး၊ ယင်းစိတ်နှင့်ယှဉ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ စေတသိက် ၅၂ ပါး ဤတရားတို့ကို ဥပါဒါနက္ခန္ဓာခေါ်သည်။

သို့သော်လည်း ရုပ် ဥပါဒါနက္ခန္ဓာ အနိစ္စဟူ၍သော်လည်းကောင်း၊ ရုပ် ၂၈ ပါး အနိစ္စဟူ၍သော်လည်းကောင်း၊ လောကီစိတ် ၈၁ပါး အနိစ္စဟူ၍သော်လည်းကောင်း ဤသို့စသည်ဖြင့် ရှု၍ ဝိပဿနာဉာဏ်အစစ် မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ဆင်ခြင်၍ ရှုအပ်သော ရုပ်လောကီစိတ်စသည်တို့ကို ဥပါဒါန်ဖြင့် အာရုံပြု၍ စွဲလန်းသည် မဟုတ်သော ကြောင့် ယင်းရုပ်စိတ်စသည်တို့သည် ပရမတ်ဥပါဒါနက္ခန္ဓာ မဟုတ်၊ အမည်ပညတ်မျှ အရေအတွက် ပညတ်မျှသာ ဖြစ်သောကြောင့်ပေတည်း။

အမှန်အားဖြင့်မူကား မြင်ခိုက်, ကြားခိုက်,စသည်၌ ထင်ရှားသော မျက်စိ, အဆင်းစသော ရုပ်၊ မြင်သိမှု, ကြားသိမှု စသော စိတ် စသည်တို့ကိုသာ တဏှာဖြင့် သာယာလျက် စွဲလန်းသည်၊ ဒိဋ္ဌိဖြင့် အတ္တကောင် ငါကောင်ဟု အထင်အမြင်မှားလျက် စွဲလန်းပေသည်။ ထိုသို့စွဲလန်းနိုင်သည့် ရုပ်, စိတ် စသည်တို့သည်သာလျှင် ဥပါဒါနက္ခန္ဓာ အစစ် ပရမတ်ရုပ်နာမ်များ ဖြစ်ကြပေသည်။

မြင်ဆဲစသည်၌ မရှုမိ၍ အနိစ္စစသည်ဖြင့် အမှန်အတိုင်း မသိလျှင် ထိုမြင်မှုစသော ရုပ်နာမ်တို့၌သာလျှင် တဏှာ, ဒိဋ္ဌိ စသော အနုသယကိလေသာတို့ ကိန်း၍ စွဲလန်းမှုဖြစ်တတ်သည်။ မြင်ခိုက် စသည်၌ ရှုမိ၍ အမှန်အတိုင်း သိလျှင်မူကား ထိုမျက်စိရုပ်, အဆင်းရုပ်, မြင်သိမှု စသည်တို့၌ စွဲလန်းမည့် အနုသယကိလေသာ မကိန်းနိုင်တော့ဘဲ ကင်းငြိမ်းသည်။ ထိုသို့ ဥပါဒါန်အနုသယမကိန်းဘဲ ကင်းငြိမ်းအောင် မြင်ခိုက်စသည်၌ ထင်ရှားသော ရုပ်နာမ် ဥပါဒါနက္ခန္ဓာအစစ်တို့ကို ရှု၍ တဏှာ,ဒိဋ္ဌိ အစွဲအလန်းကို ပယ်ရသည်။ ထိုသို့ ရှုသင့်သော ဥပါဒါနက္ခန္ဓာ အစစ်တို့ကို လည်းကောင်း၊ ရှုမိတိုင်း တဏှာ,ဒိဋ္ဌိ အစွဲအလန်း ကင်းငြိမ်းပုံတို့ကို ဤစာအုပ်၌ ရှင်းလင်းပြတ်သားစွာ ပြထားသည်။

၂။ သွားဆဲမှာ သွားတယ်လို့ ရှုတာ စသည်တို့သည် ဥပါဒါနက္ခန္ဓာကို ရှုခြင်းဖြစ်ကြောင်း မဟာသတိပဋ္ဌာနသုတ်ပါဠိတော်နှင့်အညီ ရှင်းပြထားသည်။

၃။ ပဋိစ္စသမုပ္ပါဒ်အကျဉ်းချုပ်ကို ခိုင်မာသော ကျမ်းဂန်များဖြင့် ပြဆိုထားသည်။

၄။ ရုပ်မည်ပုံ, ရုပ်၏ဖောက်ပြန်ပုံများကို ထုတ်ပြထားသည်မှာလည်း အများပုဂ္ဂိုလ်တို့မှာ ကြားရခဲ, တွေ့ရခဲ, နားလည်ခဲသော အချက်များ ဖြစ်သည်။ အအေးကြောင့် အပူကြောင့် ဖောက်ပြန်ပုံ စသည်ကိုပြရာဝယ် အဋ္ဌကထာ ပြဆိုချက်အရ မျက်မြင်ကိုယ်တွေ့ မဖြစ်နိုင်ရာ၌ ယခုခေတ်လူတို့ မကျေနပ်ကြမည်ကို မြော်မြင်၍ မျက်မြင်ကိုယ်တွေ့ ဖြစ်နိုင်သည်များကို ဖော်ပြထားသည်။

၅။ ရုပ်တိုင်း ဖောက်ပြန်သည် မဟုတ်ဟု သုတနည်းသူတို့၏ အထင်မှား, အမှတ်မှားကို ရှင်းပြထားသည်။

၆။ ဒုက္ခထင်ပုံ, ငြီးငွေ့ပုံတို့ကို ဖွင့်ပြထားသည်မှာလည်း ပေါ်လွင်လှပေသည်။ ထို့ပြင် ရောဂတော စသည်ဖြင့် ရှုမြင်ပုံကို ဖွင့်ပြထားသည်။

၇။ အနတ္တထင်မြင်ပုံကို နားလည်စေရန် အတ္တစွဲ လေးပါးက စ၍ ရှင်းပြထားသည်။

၈။ လက္ခဏာရေး သုံးပါး သိမြင်အောင် ရှုပုံ ခေါင်းစဉ်ဖြင့် ဖွင့်ပြထားသည်မှာလည်း အထူးပင်မှတ်သားဖွယ် ကောင်းလှပေသည်။

၉။ ဃနလေးပါးက ဖုံးကွယ်ပုံ, ယင်းအဖုံးအကွယ်ပျက်အောင် ရှုပုံတို့ကို ပြဆိုထားသည်။

၁၀။ အရှင်သာရိပုတ္တရာ ဟောသည့် သီလဝန္တသုတ်ကို ဘုရားဟော ဈာနသုတ် စသည်တို့နှင့် နှီးနှောပြထားသည် မှာလည်း အားရဖွယ် ကောင်းလှပါပေသည်။ ထိုပြဆိုချက် သီလဝန္တသုတ်နှင့် ဆန့်ကျင်သော ဟောပြောမှုများသည် ဘုရားအလိုနှင့်လည်း ဆန့်ကျင်ကြောင်း သိနားလည်စေသည်။

၁၁။ ယခုခေတ် သတိပဋ္ဌာန်ယောဂီတို့၏ ဘင်္ဂဉာဏ်ဖြစ်ပုံကို ဝိသုဒ္ဓိမဂ်အဆိုနှင့် တစ်ထပ်တည်းညီနေကြောင်း ပြထားသည်မှာ ကိုယ်တွေ့ ဖြစ်သူတို့အတွက် အားရဖွယ်ကောင်းသည့်ပြင် ကိုယ်တွေ့ မဖြစ်ဖူးသေးသော သူတော်ကောင်းတို့မှာလည်း သဒ္ဓါတရားဖြစ်ဖွယ် ကောင်းလှပေသည်။

၁၂။ ယခုခေတ် သတိပဋ္ဌာန်ယောဂီတို့၏ နိဗ္ဗာန်မျက်မှောက်တွေ့ပုံကို မိလိန္ဒပဉှာအဆိုနှင့် နှီးနှောပြထားသည်။

၁၃။ မဟာပစ္စဝေက္ခဏာ(၇)ပါးကို ပြထားသည်မှာလည်း အခြားဝိပဿနာကျမ်းတို့၌ တွေ့ရခဲသော အထူးအဆန်း ဖြစ်သည်။ ထိုတွင် ဒုတိယပစ္စဝေက္ခဏာအရာ၌ ပစ္စတ္တသမထနှင့် ပစ္စတ္တနိဗ္ဗုတိတို့၏ အရအနက်အဓိပ္ပါယ် ကောက်ယူပုံကို ဖွင့်ပြထားသည်။

၁၄။ ရဟန္တာ၏ ခွန်အားများကို ထုတ်ပြထားသည်မှာ ရဟန္တာအစစ် ဟုတ် မဟုတ် စူးစမ်းဆင်ခြင်ရန်နှင့် ကြည်ညို ရန်အတွက် ကျေးဇူးများဖွယ်ရှိပါသည်။

**ပါဠိတော် စာကြောင်း ၁**

ဧကံ သမယံ **အာယသ္မာ စ သာရိပုတ္တော** အာယသ္မာ စ မဟာကောဋ္ဌိကော ဗာရာဏသိယံ ဝိဟရန္တိ ဣသိပတနေ မိဂဒါယေ။

**အရှင်သာရိပုတ္တရာထေရ်၏ ဖြစ်တော်စဉ်** (အပ၊ ဋ္ဌ၊ ၁၊ ၂၂၉-၂၃၅။)

တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် အရှင်သာရိပုတ္တရာအလောင်းလျာသည် ပုဏ္ဏားမျိုး၌ဖြစ်သည်။ အမည်အားဖြင့် သရဒလုလင် မည်၏။ အရှင်မဟာမောဂ္ဂလ္လာန်အလောင်းလျာသည် သူကြွယ်မျိုး၌ ဖြစ်သည်။ အမည်အားဖြင့် သိရိဝဍ္ဎသူဌေးမည်၏။ သူတို့သည် အတူကစားဖော်ကစားဖက် သူငယ်ချင်းများ ဖြစ်ကြ၏။

မိဘများကွယ်လွန်သောအခါ  သရဒလုလင်သည် တစ်နေ့ ဆိပ်ငြိမ်ရာ၌ စိတ်ကူးဝင်လေသည်။ **"သတ္တဝါတွေဟာ အမှန်စင်စစ် သေရမည်၊ ဒါကြောင့် ငါ ရသေ့ရဟန်းဝတ်၍ လွတ်မြောက်ရာလမ်းကို ရှာသင့်တယ်" (ဣမေသံ သတ္တာနံ မရဏံ နာမ ဧကန္တိကံ၊ တသ္မာ မယာ ဧကံ ပဗ္ဗဇံ ဥပဂန္တွာ ဝိမောက္ခမဂ္ဂေါ ဂဝေသိတဗ္ဗော)**ဟု စိတ်ကူး၍ သူငယ်ချင်းထံ သွား၍ **"သူငယ်ချင်း ငါကတော့ ရသေ့ရဟန်းဝတ်တော့မယ်၊ မင်းကကော ဝတ်နိုင်ပါ့မလား"**ဟု မေး၏။ အရှင်မဟာမောဂ္ဂလ္လာန်အလောင်းလျာက "ငါတော့ မဝတ်နိုင်သေးပါဘူး"ဟု ပြော၏။ "ကောင်းပါပြီ ငါတော့ ရသေ့ဝတ်တော့မယ်"ဟု ပြောကာ ရတနာဘဏ်တိုက်များကို ဖွင့်၍ အလှူခံပုဂ္ဂိုလ်တို့အား အလှူကြီး ပေးလှူပြီး တောင်ခြေသို့ သွားကာ ရသေ့ဝတ်ခဲ့သည်။ အရှင်သာရိပုတ္တရာ ရသေ့ဝတ်ခြင်းကို အတုလိုက် ရသေ့ ဝတ်ကြသော ပုဏ္ဏားတို့၏သားများသည်  ခုနစ်သောင်းလေးထောင် ရှိခဲ့သည်။ အရှင်သာရိပုတ္တရာလောင်းလျာသည် အဘိညာဉ်(၅)ပါး၊ သမာပတ် (၈)ပါးရရှိပြီး ရသေ့များကိုလည်း ကသိုဏ်းပရိကံကို သင်ကြားပေးသည်။ ထိုပုဏ္ဏား သား ရသေ့များလည်း အဘိညာဉ်(၅)ပါး၊ သမာပတ်(၈)ပါးတို့ကို ရကြလေသည်။

ထိုအခါ အနောမဒဿီမြတ်စွာဘုရား ပွင့်တော်မူလာပြီး မြတ်သောဓမ္မစက်ကို လည်စေ၍ သတ္တဝါများကို သံသရာရေပြင်ကျယ် ဩဃနယ်မှ ထုတ်ဆောင်ကယ်တင်တော်မူသည်။ တစ်နေ့ သရဒရသေ့နှင့် တပည့်များကို ချီးမြှောက်တော်မူလိုသဖြင့် ကိုယ်တော်မြတ်တစ်ပါးတည်းသာ သပိတ်သင်္ကန်းဆောင်ယူကာ ကောင်းကင်ခရီးဖြင့် ကြွတော်မူသည်။ "ငါ၏ ဘုရားအဖြစ်ကို သိပါစေ"ဟု အဓိဋ္ဌာန်ကာ ရှင်ရသေ့ မြင်လောက်ရာ မြေ၌ သက်ဆင်း တော်မူလေသည်။ သရဒရသေ့သည် မြတ်စွာဘုရား၏ မဟာပုရိသလက္ခဏာတို့ကို ဆင်ခြင်သုံးသပ်၍ **"ဤပုဂ္ဂိုလ် ကား သဗ္ဗညုဗုဒ္ဓအစစ် ဖြစ်တော်မူသည်သာ"**ဟု ဆုံးဖြတ်ကာ ခရီးဦးကြို၏။ နေရာထိုင်ခင်း ပေး၏။ ခင်းပေးသော နေရာ၌ မြတ်စွာဘုရား သီတင်းသုံးတော်မူ၏။ သရဒရသေ့လည်း မြတ်စွာဘုရားအနီးအနား သင့်တင့်လျောက်ပတ် ရာနေရာ၌ ထိုင်နေလေသည်။

ခုနစ်သောင်း လေးထောင်သော တပည့်ရသေ့တို့က မွန်မြတ်၍ ဩဇာအရသာရှိသော သစ်သီးကြီးငယ် အသွယ်သွယ်တို့ကို ယူလာကြ၏။ မြတ်စွာဘုရားကို ဖူးမြင်ကြည်ညိုကြ၍ မြတ်စွာဘုရားနှင့် ဆရာရသေ့တို့၏ ထိုင်နေသောအခြင်းအရာကို ကြည့်ကာ "ဆရာ, အရင်က ဆရာထက် ကြီးမြတ်တဲ့သူ မရှိလို့ ထင်ခဲ့ကြပါတယ်၊ ယခု ဤယောက်ျားမြတ်က ဆရာထက် ကြီးမြတ်တယ်လို့ ထင်ရပါတယ်"ဟု ဆရာရသေ့ကို ပြောဆိုကြ၏။ **"ဘယ်လို ပြောလိုက်ကြသလဲ? တပည့်တို့... မုန်ညှင်းစေ့နှင့် ယူဇနာခြောက်သန်း ရှစ်သိန်း အမြင့်ရှိတဲ့ မြင်းမိုရ်တောင်ဟာ တူတယ်လို့ မနှိုင်းယှဉ်ချင်ကြနဲ့၊ ငါ့ကို သဗ္ဗညုဗုဒ္ဓနှင့် မနှိုင်းယှဉ်ကြပါနဲ့"**ဟု ပြောလေ၏။ တပည့်များလည်း ဆရာ့စကားကို နားထောင်ကာ "ဤပုဂ္ဂိုလ်သည်ကား ယောကျ်ားမြတ်တည်း"ဟု နှလုံးသွင်းကာ ခြေတော်ရင်း ဝပ်စင်း၍ မြတ်စွာဘုရားကို ရှိခိုးကြ၏။

ထိုအခါ ဆရာရသေ့က "တပည့်တို့... မြတ်စွာဘုရားနှင့် သင့်လျော်လျောက်ပတ်သော လှူဖွယ် ငါ့တို့အား မရှိ၊ မြတ်စွာဘုရားလည်း ဆွမ်းခံချိန်၌ ဤနေသို့ ကြွတော်မူ၏၊ ယခု ငါတို့ စွမ်းအားရှိသမျှ လှူဖွယ် လှူကြစို့၊

သင်တို့ မွန်မြတ်သော သစ်သီးကြီးငယ်ကို ဆောင်ယူကြလေ့”ဟု ပြောဆို၏။ ဆောင်ယူလာသော သစ်သီးကြီးငယ်များကို ဆေးကြောကာ ဆရာရသေ့ကိုယ်တိုင်ပင် မြတ်စွာဘုရား သပိတ်တော်၌ ထည့်လှူလိုက်၏။ မြတ်စွာဘုရား သစ်သီးကြီးငယ် အလှူခံရာ၌ပင် နတ်များကို နတ်သြဇာများ ထည့်လိုက်ကြ၏။ ဆရာရသေ့သည် သောက်တော်ရေကိုလည်း ကိုယ်တိုင်ပင် ရေစစ်၍ လှူဒါန်းလေ၏။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးသောအခါ တပည့်အားလုံးကို ခေါ်၍ မြတ်စွာဘုရားအနီး၌ အမှတ်ရဖွယ်စကား ပြောဆိုလျက် ထိုင်နေ၏။ မြတ်စွာဘုရားသည် “ရဟန်းအပေါင်းနှင့်တကွ အဂ္ဂသာဝကနှစ်ပါး ကြွလာစေသတည်း”ဟု အဓိဋ္ဌာန်တော်မူ၏။ ထိုခဏ၌ပင် တစ်သိန်းသော ရဟန္တာများခြံရံလျက် အဂ္ဂသာဝကများ ကြွလာကာ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ သင့်တင့်လျောက်ပတ်သောနေရာ၌ နေကြလေ၏။

သရဒရသေ့သည် တပည့်များကို “တပည့်တို့... မြတ်စွာဘုရားနှင့် ရဟန်းအပေါင်းအား ပန်းခင်း၍ပူဇော်ထိုက်၏၊ ထို့ကြောင့် ပန်းများ ဆောင်ယူလာကြလေ့”ဟု တိုက်တွန်းလေ၏။ တပည့်များလည်း တန်ခိုးဖြင့် အဆင်းနံ့ပြည့်စုံသောပန်းများကို ဆောင်ယူကာ မြတ်စွာဘုရားအား တစ်ယူဇနာပမာဏရှိနေရာကို ပန်းများဖြန့်ခင်းပူဇော်ကြ၏။ သုံးဂါဝုတ်ပမာဏရှိနေရာကို အဂ္ဂသာဝကနှစ်ပါး၊ ယူဇနာဝက်စသည်နေရာကို အခြားရဟန်းများနှင့် ရဟန်းငယ်များကို ပန်းများခင်း၍ ပူဇော်ကြ၏။ ခင်းထားသောနေရာတို့၌ သရဒရသေ့သည် မြတ်စွာဘုရားရှေ့တော်၌ လက်အုပ်ချီကာ “အရှင်ဘုရားတို့... တပည့်အား ချီးမြှောက်သောအားဖြင့် ဤပန်းခင်းနေရာသို့ ကြွတော်မူကြပါ”ဟု လျှောက်၏။ မြတ်စွာဘုရား ထိုင်နေတော်မူစဉ် အဂ္ဂသာဝကနှစ်ပါးနှင့် အခြားရဟန်းများလည်း ခင်းထားသောနေရာအသီးသီး၌ ထိုင်နေတော်မူကြ၏။ မြတ်စွာဘုရားသည် “ရသေ့များအား အကျိုးများပါစေ”ဟု နှလုံးသွင်းကာ နိရောဓသမာပတ် ဝင်စားတော်မူ၏။ မြတ်စွာဘုရား နိရောဓသမာပတ်ဝင်စားတော်မူသည်ကို သိ၍ အဂ္ဂသာဝကနှစ်ပါးနှင့် အခြားရဟန်းများလည်း နိရောဓသမာပတ် ဝင်စားတော်မူကြ၏။ ရသေ့သည် ခုနစ်ရက်ပတ်လုံးမပြတ် မြတ်စွာဘုရားအား ပန်းထီးတော်ဆောင်၍ ရပ်နေ၏။ တပည့်ရသေ့များလည်း သစ်ဥသစ်သီးများ စားချိန်မှတပါး လက်အုပ်ချီရပ်နေကြ၏။ မြတ်စွာဘုရားသည် ခုနစ်ရက်လွန်သောအခါ နိရောဓသမာပတ်မှ ထမြောက်တော်မူ၍ လက်ယာတော်ရံ ပဌမအဂ္ဂသာဝက အရှင်နိသဘထေရ်ကို “ရသေ့တို့အား ပန်းခင်းနေရာအလှူ ဝမ်းမြောက်ဖွယ်တရား ဟောကြားပေးပါ”ဟု တိုက်တွန်းတော်မူ၏။ ထေရ်မြတ်သည် သာဝကပါရမီဉာဏ်၌ တည်၍ ရသေ့တို့အား ပန်းခင်းနေရာအလှူ ဝမ်းမြောက်ဖွယ်တရား ဟောကြားတော်မူ၏။ တရားပွဲပြီးဆုံးသောအခါ လက်ဝဲတော်ရံ ဒုတိယအဂ္ဂသာဝက အရှင်အနောမထေရ်ကို “ငါ့ရှင်လည်း ရသေ့တို့အား တရားဟောကြားပေးပါ”ဟု တိုက်တွန်းတော်မူ၏။ ထေရ်မြတ်လည်း ပိဋကသုံးပုံ ဘုရားစကားတော်များကို ဆင်ခြင်သုံးသပ်၍ ရသေ့တို့အား တရားဟောကြား၏။ အဂ္ဂသာဝကနှစ်ပါးတို့၏ တရားဖြင့် ရသေ့များ တရားထူး မရကြပေ။ ထို့ကြောင့် မြတ်စွာဘုရားသည် ဘုရားအရာ၌ထား၍ တရားတော်များ ဟောကြားတော်မူ၏။ တရားတော်အဆုံး၌ သရဒရသေ့မှတပါး အခြား ခုနစ်သောင်း လေးထောင်သော ရသေ့များ အရဟတ္တဖိုလ်သို့ ရောက်ကြလေ၏။ မြတ်စွာဘုရားက “အရဟတ္တဖိုလ်သို့ရောက်ကြသောရသေ့တို့ကို “ငါ့ရှင်တို့... လာကြကုန်”ဟု လက်တော်

ဆန့်တန်း ခေါ်တော်မူ၏။ ရသေ့တို့လည်း လူအသွင်ပျောက်၍ ပရိက္ခရာရှစ်ပါးစုံလင်စွာ ဝါတော် (၆ဝ)ရ ထေရ်ကဲ့သို့ ရဟန်းအဖြစ်သို့ ရောက်ကြကုန်၏။

**သရဒရသေ့ကား "ဤအရှင်နိသဘထေရ်ကဲ့သို့ နောင်ပွင့်တော်မူမည့် တစ်ဆူသောဘုရားရှင်၏ သာဝက ဖြစ်လျှင် ကောင်းလေစွ"ဟု တရားနာစဉ်အတွင်း စိတ်အကြံအစည်များ ဖြစ်နေသောကြောင့် မဂ်ဖိုလ်တရားများကို ထိုးထွင်းသိခြင်းငှါ မစွမ်းနိုင်ခဲ့ပါ။ ထို့ကြောင့် မြတ်စွာဘုရားကို ရှိခိုး၍ ဆုကြီးပန်လေ၏။** မြတ်စွာဘုရားသည် အနာဂတ်အကြောင်းကို ကြည့်ရှုစုံစမ်းကို မြင်တော်မူ၍ "ဤကမ္ဘာမှရေတွက်သော် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း အလွန်၌ ဂေါတမမြတ်စွာဘုရား၏ အဂ္ဂသာဝက အရှင်သာရိပုတ္တရာထေရ် ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်တော်ပေး တရားဟောကာ ရဟန်းအပေါင်းခြံရံကာ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူ၏။ သရဒရသေ့သည်လည်း သူငယ်ချင်းဖြစ်သူ သိရိဝဍ္ဍထံ သွား၍ "သူငယ်ချင်းရေ... ငါတော့ အနောမဒဿီမြတ်စွာဘုရား ခြေတော်ရင်း၌ နောင်ပွင့်တော်မူမည့် ဂေါတမမြတ်စွာဘုရား၏ အဂ္ဂသာဝကဆုကို တောင်းခဲ့ပြီ၊ မင်းလဲပဲ ဒုတိယအဂ္ဂသာဝက ဆုကို တောင်းလေ"ဟု တွန်းတိုက်လေ၏။ သိရိဝဍ္ဍသည် ထိုတိုက်တွန်းချက်ကြောင့် မိမိ အိမ်တံခါး၌ ၈-ပယ် (၃၅၂-တင်းကြဲလောက်နေရာ)သောနေရာကို မြေပြင်ညှိကာ မုလေးပန်း, မုန်ညင်းပန်း, ဆန်ပန်း, မြေဇာပန်း, ပေါက်ပေါက်ပန်းတို့ကို ကြဲဖြန့်၍ ကြာညိုပန်းများမိုးလျက် မဏ္ဍပ်ဆောင်စေ၏။ ဘုရားရှင်နှင့် ရဟန်းတော်များ သီတင်းသုံးရန် နေရာများခင်းစေ၏။ ကြီးမြတ်သောအထူးစီစဉ်၍ သရဒရသေ့မှတဆင့် မြတ်စွာဘုရားကို ပင့်ကာ (၇)ရက်ပတ်လုံး အလှူကြီးပေးလေ၏။ **ဘုရားအမှူးရှိသော ရဟန်းများအားလည်း အဖိုးတန်သင်္ကန်းလျာအဝတ်ကို လှူဒါန်းပူဇော်ကာ ဒုတိယအဂ္ဂသာဝကဆုကို တောင်းလေ၏။** မြတ်စွာဘုရားသည် အနာဂတ်အကြောင်းကို ကြည့်ရှုစုံစမ်းကို သိမြင်တော်မူကာ ဗျာဒိတ်ပေးတော်မူ၏။ ဆွမ်းအနုမောဒနာတရား ဟောကြားကာ ပြန်ကြွတော်မူလေ၏။ သိရိဝဍ္ဍသည် အလွန်ရွှင်လန်းဝမ်းမြောက်လျက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ ကာမာဝစရ နတ်ပြည်၌ ဖြစ်လေ၏။ သရဒရသေ့သည် ဗြဟ္မဝိဟာရတရား လေးပါးကို ပွားများကျင့်သုံး၍ ဗြဟ္မပြည်၌ ဖြစ်လေ၏။

ဂေါတမမြတ်စွာဘုရား မပွင့်မီပင်လျှင် သရဒရသေ့သည် ရာဇဂြိုဟ်မြို့အနီး ဥပတိဿရွာ ရူပသာရီ ပုဏ္ဏေးမကြီးဝမ်း၌ ပဋိသန္ဓေနေ၏။  ထိုနေ့၌ပင် သူ၏သူငယ်ချင်းဖြစ်သည့် သိရိဝဍ္ဍသည် ရာဇဂြိုဟ်မြို့အနီး ကောလိတရွာ မောဂ္ဂလိပုဏ္ဏေးမကြီးဝမ်း၌ ပဋိသန္ဓေနေ၏။ မောဂ္ဂလိပုဏ္ဏေးမကြီး၏ သားဖြစ်သောကြောင့် မောဂ္ဂလိအနွယ်ဖြစ်၍ မောဂ္ဂလ္လာနဟု အမည်တွင်၏။ ထိုမိသားစုတို့သည် ဆွေမျိုးခုနစ်ဆက်တိုင်အောင် ရင်းနှီး ကျွမ်းဝင်ခဲ့ကြ၏။ သူငယ်နှစ်ယောက်ကို တစ်ရက်တည်းပင် မွေးဖွားကြ၏။ ထိုသူငယ်များကို နို့ထိန်းသည် (၆ဝ)တို့က ထိန်းကြရ၏။ နာမည်ပေးသောနေ့၌ ရူပသာရိပုဏ္ဏေးမ၏ သားကို ဥပတိဿရွာ၌ ကြီးမြတ်သော အမျိုး၏ သားဖြစ်သောကြောင့် ဥပတိဿဟု နာမည်ပေးကြ၏။ မောဂ္ဂလိပုဏ္ဏေးမ၏ သားကို ကောလိတရွာ၌

ကြီးမြတ်သောအမျိုး၏ သားဖြစ်သောကြောင့် ကောလိတဟု နာမည်ပေးကြ၏။ ထိုသူနှစ်ယောက်တို့သည် ကြီးမားသောအခြံအရံများနှင့် ကြီးပြင်းလာ၍ အတတ်ပညာများ တစ်ဖက်ကမ်းခပ် တတ်မြောက်ကြ၏။

တစ်နေ့ သူတို့သည် ရာဇဂြိုဟ်မြို့ တောင်ထိပ်နက္ခတ်ပွဲသဘင် ကြည့်ရှုစဉ် လူအစုအဝေးကြီးကို တွေ့ကြရ၏။ ဉာဏ်ရင့်ကျက်မှုကြောင့် အသင့်အားဖြင့် ခေါင်းမော၍ **"ဒီလူတွေအားလုံးဟာ နှစ် ၁၀၀အတွင်း သေမင်းခံတွင်းသို့ ဝင်ကြရမယ်"ဟု သံဝေဂ ဖြစ်ကြလေသည်။ "ငါတို့ သေမင်းလွတ်မြောက်ရာတရားကို ရှာမှီး ရမယ်၊ ထိုတရားကို ရှာမှီးသောငါတို့ ရသေ့ရဟန်းတစ်ပါးအဖြစ် ရသင့်တယ်"ဟု ဆုံးဖြတ်ကာ လုလင်ငါးရာတို့နှင့် အတူ သဥ္စယပရိဗိုဇ်အထံ သွားကြလေ၏။** ထိုသူနှစ်ယောက်တို့ ရောက်လာသောနေ့မှစ၍ သဥ္စယပရိဗိုဇ်အား လာဘ်လာဘများ ပေါများလေ၏။ သူတို့သည် ၂-ရက် ၃-ရက်လွန်သောအခါ သဥ္စယပရိဗိုဇ်၏ အယူဝါဒကို ပြန်လည်သုံးသပ်၍ အနှစ်သာရမရှိသည်ကို သိကြလေ၏။ သဥ္စယပရိဗိုဇ်ထံမှ ထွက်လာ၍ ပညာရှိအမည်ခံသော ရဟန်းပုဏ္ဏားတို့ထံ ချဉ်းကပ်ကာ အယူဝါဒများ မေးကြ၏။ ထိုသူနှစ်ယောက်တို့၏ အမေးများကို ပြည့်စုံစွာ မပြော နိုင်ကြပေ။ အမေးတခြား အဖြေတခြား ဖြစ်နေ၏။ **ဤသို့ပင် ဥပတိဿနှင့် ကောလိက သူငယ်ချင်းနှစ်ယောက်တို့ သည် "အကယ်၍ တစ်ယောက်ယောက်က အမတဆေးကို ရခဲ့ရင် ပြန်လည်ပြောကြားရမယ်"ဟူသော ကတိကဝတ် ပြုကြလေသည်။**

ထိုအခါ ဂေါတမမြတ်စွာဘုရား သစ္စာလေးပါးသိ၍ ဘုရားအဖြစ်သို့ ရောက်တော်မူကာ ဓမ္မစကြာဟော တော်မူ၍ အစဉ်အားဖြင့် ဥရုဝေလကဿပအစရှိသော ရသေ့တစ်ထောင်တို့ကို ဆုံးမတော်မူပြီး ရာဇဂြိုဟ်၌ သီတင်းသုံးတော်မူ၏။ တစ်နေ့ ဥပတိဿပရိဗိုဇ်သည် ပရိဗိုဇ်ကျောင်းကို သွားစဉ် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွလ သော အရှင်အဿဇိထေရ်ကို တွေ့ရလေ၏။ "အရင်က ဒီလို အသွင်အပြင် အမူအရာနဲ့ ပြည့်စုံတဲ့ ရဟန်းများ မတွေ့ဖူးဘူး၊ သူ့သန္တာန်မှာ ငြိမ်းအေးသောတရား ရှိရမယ်"ဟု ကြည်ညိုစိတ်ဖြစ်၏။ အယူဝါဒမေးမြန်းရန် မျှော်လင့်ချက်ဖြင့် အရှင်အဿဇိထေရ်၏ နောက်မှ လိုက်သွားလေ၏။ ထေရ်သည်လည်း အလှူခံရလာသော ဆွမ်းကို ဘုဉ်ပေးရန် သင့်လျော်ရာအရပ်သို့ ကြွတော်မူ၏။ ပရိဗိုဇ်သည် မိမိ၏ ပရိဗိုဇ်ထိုင်ခုံကို ခင်းပေးလေ၏။ ဆွမ်းကိစ္စပြီးသောအခါ ခရားဖြင့် ရေပေး၏။ ဤသို့ ဥပတိဿပရိဗိုဇ်သည် ဝေယျာဝစ္စများပြုလုပ်၍ အရှင်အဿဇိ ထေရ်နှင့်အတူ မိတ်ဆက်စကားပြောကြားကာ "အရှင်ဘုရားရဲ့ ဆရာ ဘယ်သူပါလဲ? အရှင်ဘုရားက ဘယ်သူရဲ့ တရားကို နှစ်သက်ပါလဲ"ဟု မေးလေ၏။ အရှင်မြတ်လည်း မြတ်စွာဘုရားကို ညွှန်ပြလေ၏။ "အရှင်ဘုရားရဲ့ ဆရာက အဘယ်အယူဝါဒရှိပါလဲ"မေးရာ "ဒီသာသနာတော်ရဲ့ လေးနက်မှုကို ပြပါ့မယ်"ဟု မိန့်၏။ မိမိ၏ ရဟန်းအဖြစ် မကြာသေး၍ အကျဉ်းမျှ သာသနာတော်၏ တရားကို ဟောတော်မူ၏။ ထိုတရားမှာ-

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။

တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော" ဖြစ်သည်။ ဥပတိဿပရိဗိုဇ်သည် ဤဂါထာ၏ ပဌမနှစ်ပါဒကိုသာ နာကြားလျှင်ပင် နည်းပေါင်းတစ်ထောင်နှင့် ပြည့်စုံသည့် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဒုတိယနှစ်ပါဒကို သောတာပန်ဖြစ်ရာအခါ၌ နာကြားပြီးဆုံး၏။ ဥပတိဿပရိဗိုဇ်သည် သောတာပန်ဖြစ်လျက် အထက်မဂ်ဖိုလ်တရားထူးများ မဖြစ်စေရာ၌ အကြောင်းရှိလိမ့်မည်ကို မှတ်သား၍ "**အရှင်ဘုရား... ဒီထက်ပို၍ တရားမဟောစေလိုပါဘုရား၊ ဒီလောက်မျှသာ ရှိပါစေ၊ တပည့်တော်တို့၏ ဆရာဘုရား ဘယ်အရပ်မှာ နေတော်မူပါလဲဘုရား?**"ဟု အရှင်အဿဇိထေရ်ကို လျှောက်ထားလေ၏။ "ငါ့ရှင်... မြတ်စွာဘုရား ဝေဠုဝန်ကျောင်းမှာ နေတော်မူတယ်"ဟု မိန့်၏။ **"အရှင်ဘုရား... ဒီလိုဆို အရှင်ဘုရားက ရှေ့က ကြွတော်မူပါကုန် ဘုရား၊ တပည့်တော်မှာ သူငယ်ချင်းတစ်ယောက် ရှိပါသေးတယ်၊ တပည့်တော်တို့ အချင်းချင်း ကတိတဝတ် ပြုထားပါတယ်၊ တစ်ယောက်ယောက်က အမတဆေးကို ရခဲ့ရင် ပြန်လည်ပြောကြားရမယ်လို့ ကတိကဝတ်ရှိသည့် အလျောက် တပည့်တော်သူငယ်ချင်းကို ခေါ်၍ အရှင်ဘုရားတို့ ကြွတဲ့လမ်းအတိုင်း တပည့်တော်တို့ လာခဲ့ပါမယ် အရှင်ဘုရား"**ဟု လျှောက်ထား၍ လက်, ခြေ, နဖူး, တံတောင်, ဒူးဟူသော ထိခြင်း (၅)ပါးဖြင့် အရှင်အဿဇိ ထေရ်၏ ခြေတို့၌ သုံးကြိမ်တိုင်တိုင် အရိုအသေပြုကာ ပရိဗိုဇ်ကျောင်းသို့ သွားလေ၏။

ထိုအခါ ကောလိတပရိဗိုဇ်သည် အဝေးက လာနေသော ဥပတိဿကို မြင်၍ **"ယနေ့ ငါ့ သူငယ်ချင်းရဲ့ မျက်နှာအဆင်းက အခြားနေ့တွေနဲ့ မတူဘူးဟေ့၊ ဧကန်စင်စစ် ဥပတိဿဟာ အမတဆေးကို ရလာတာဖြစ်လိမ့်မယ်"ဟု မှတ်ထင်၍ အမတဆေးကို မေးလေ၏။** ဥပတိဿကလည်း "သူငယ်ချင်းရေ... ငါ အမတဆေးကို ရခဲ့ပြီ" ဟု ဝန်ခံ၍ ထိုဂါထာကို ရွတ်ပြလေ၏။ ဂါထာအဆုံး၌ ကောလိတသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုသူငယ်ချင်းနှစ်ယောက်တို့သည် ဝေဠုဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားကို ဖူးမြင်ကြဖို့ ပြောကြလေ၏။ ဥပတိဿသည် ဆရာကိုပူဇော်တတ်သူဖြစ်၍ သူငယ်ချင်းကို **"သူငယ်ချင်း... ငါတို့ ရထားတဲ့ အမတဆေးကို ဆရာသဉ္စယဆီ သွားပြောကြမယ်၊ သိနိုင်လောက်ရင်လဲ ထိုးထွင်းသိလိမ့်မယ်၊ မသိနိုင်ရင်လဲ ငါတို့ကို ယုံကြည်ပြီး မြတ်စွာဘုရားဆီ လိုက်လာလိမ့်မယ်၊ မြတ်စွာဘုရားရဲ့တရားတော်ကို နားကြားရရင် မဂ်ဖိုလ်ကို ထိုးထွင်းသိလိမ့်မယ်"ပြော၏။ ထို့နောက် သူငယ်ချင်းနှစ်ယောက်တို့သည် ဆရာသဉ္စယထံ သွားကြလေ၏။**

ဆရာသဉ္စယသည် ဥပတိဿနှင့် ကောလိတတို့ကို မြင်မြင်ချင်းပင် **"အမောင်တို့... အမတဆေးသို့ ရောက်ကြောင်းလမ်းကို ဟောပြနိုင်သူ တစ်စုံတစ်ယောက် ရခဲ့ပြီလား?"**ဟု မေးလေ၏။ "ဟုတ်ကဲ့ပါ ဆရာ ရခဲ့ပါပြီ၊ လောကမှာ ဘုရားပွင့်တော်မူပါပြီ၊ တရားတော် ပေါ်ထွန်းလာပါပြီ၊ အရိယာသံဃာတော် ဖြစ်ထွန်းလာပါပြီ၊ ဆရာတို့ အနှစ်မရှိ အချည်းနှီးဖြစ်တဲ့ တရားများနဲ့ အချိန်ကုန်နေပါတယ်၊ ဒါကြောင့် ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ၊ မြတ်စွာဘုရားဆီ သွားကြစို့"ဟု ပြောကြလေ၏။ "မင်းတို့ပဲ သွားကြပါ၊ ငါတော့ မလိုက်နိုင်ပါဘူး"ဟု ပြော၏။ မလိုက်နိုင်ခြင်းအကြောင်းကို မေးသောအခါ **"ငါက လူအများရဲ့ ဆရာအဖြစ်နဲ့ ကျင်လည်နေတယ်၊ ဆရာအဖြစ်နဲ့ ကျင်လည်နေတဲ့ ငါဟာ တပည့်အဖြစ်နဲ့ မကျင်လည်လိုဘူး၊ ဥပမာ ရေလှောင်အိုးကြီးဟာ ရေခင်ပုံး လေးဖြစ်သွားလိမ့်မယ်၊ ငါတော့ တပည့်အဖြစ်နဲ့ မနေနိုင်ဘူး"**ဟု ပြောလေ၏။ ဥပတိဿနှင့် ကောလိတတို့က ဆရာအား ပြောကြသော်လည်း လိုက်မလာ၍ "ဆရာ... လောကမှာ မြတ်စွာဘုရား ပွင့်တော်မူရာအခါမှစ၍

လူတွေဟာ နံ့သာပန်းစသည် လက်မှာကိုင်၍ မြတ်စွာဘုရားဆီကိုသာ သွားရောက်ပူဇော်ကြလိမ့်မယ်၊ ကျွန်တော်တို့လဲ မြတ်စွာဘုရားဆီကိုသာ သွားကြပါတော့မယ်၊ ဆရာတို့ ဘယ်လိုလုပ်ကြမလဲ”ဟု ပြောကြလေ၏။ **“အမောင်တို့... ဒီလောကမှာ လူပြိန်းလူအက များသလား? ဒါမှမဟုတ် ပညာရှိက များသလား?”**ဟု မေး၏။ “ဆရာ... လူပြိန်းလူအက များပါတယ်၊ ပညာရှိက အင်မတန်နည်းလှပါတယ်”ဟု ဖြေကြ၏။ **“ဒါဖြင့် ပညာရှိတဲ့ အမောင်တို့က ပညာရှိတဲ့ ရဟန်းဂေါတမဆီ သွားကြလိမ့်မယ်၊ ပညာနည်းတဲ့လူများက ပညာနည်းတဲ့ငါ့ဆီမှာ လာကြလိမ့်မယ်၊ အမောင်တို့ သွားကြပါ၊ ငါကတော့ မလိုက်နိုင်ပါဘူး”**ဟု ပြော၏။ ဥပတိဿနှင့် ကောလိတတို့ ဆရာကိုထား သွားကုန်သောအခါ ဆရာသဉ္စယ၏ ပရိသတ်တို့လည်း ကွဲသွားလေ၏။ သဉ္စယသည် ပရိသတ်မရှိ အချည်းနှီးဖြစ်သောကျောင်းကို ကြည့်၍ သွေးပူများ အန်လေ၏။ ဥပတိဿ, ကောလိတတို့နှင့်အတူ သွားကြကုန်သော ပရိဗိုဇ် ၅၀၀ တို့တွင် ၂၅၀ သော ပရိဗိုဇ်တို့က သဉ္စယဆီ ပြန်သွားကြ၏။ ၂၅၀ သောပရိဗိုဇ်တို့က ဝေဠုဝန်ကျောင်းသို့ သွားကြလေ၏။

မြတ်စွာဘုရားသည် ပရိသတ်အလယ်တွင် ထိုင်တော်မူလျက် တရားဟောနေစဉ် ဥပတိဿ, ကောလိတတို့ကို အဝေးကပင် မြင်တော်မူ၍ ရဟန်းတော်တို့ကို “ရဟန်းတို့... ဥပတိဿ, ကောလိတ သူငယ်ချင်းနှစ်ယောက် လာနေကြတယ်၊ အဲဒီသူငယ်ချင်းနှစ်ယောက်ဟာ ငါဘုရားရဲ့ အဂ္ဂသာဝကအစုံ ဖြစ်လိမ့်မယ်” မိန့်တော်မူ၏။ ဥပတိဿ, ကောလိတတို့သည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ သင့်တင့်လျောက်ပတ်သော နေရာ၌ထိုင်ကာ “မြတ်စွာဘုရား... တပည့်တော်တို့ မြတ်စွာဘုရားအထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုကြပါတယ်ဘုရား”ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားက “ဧထ ဘိက္ခဝေါ”ဟု မိန့်တော်မူ၍ ကောင်းစွာ ဟောအပ်သောတရားကို တောဘူမကဝဋ်ဒုက္ခ၏ အဆုံးရောက်စေရန် အထက်မဂ်သုံးပါး အကျင့်မြတ်တရားကို ကျင့်ကြရန်လည်း တိုက်တွန်းတော်မူ၏။ အရှင်မြတ်နှစ်ပါးလည်း တန်ခိုးကြောင့်ဖြစ်သော သပိတ်သင်္ကန်းကို ဆောင်သော ဝါတော်ခြောက်ဆယ်ရ ထေရ်ကြီးကဲ့သို့ ဖြစ်ကုန်၏။

ဥပတိဿ, ကောလိတတို့၏ ပရိသတ်စရိုက်အားလျော်စွာ မြတ်စွာဘုရားက တရားဟောတော်မူ၏။ **အဂ္ဂသာဝကများဖြစ်လာမည့် ဥပတိဿနှင့် ကောလိတမှတပါး အခြားပရိသတ်များ ရဟန္တာများအဖြစ်သို့ ရောက်ကြကုန်၏။ ဥပတိဿနှင့် ကောလိတတို့ကား အထက်မဂ်သုံးပါး မဖြစ်သေးပေ။ အကြောင်းကား- အဖန်ဖန်ပြုအပ်သောဉာဏ်ကိစ္စ၏ (ပရိကံ) ကြီးကျယ်၍ သာဝကပါရမီဉာဏ်သည် မရင့်ကျက်သေးကြောင့်ဖြစ်သည်။ ဥပမာ-လူဆင်းရဲသည် အရပ်ဒေသတစ်ခုသို့ သွားလိုလျှင် လျင်မြန်စွာ ထွက်သွားနိုင်သကဲ့သို့ ဘုရင်မင်းတို့မှာ ဆင်ယာဉ်ပြင်ဆင်ရခြင်းစသော ကိစ္စများသည်ဖြစ်၍ လွယ်ကူစွာ ထွက်မသွားနိုင်သကဲ့သို့ ဖြစ်သည်။**

ထို့နောက် အရှင်မဟာမောဂ္ဂလ္လာန်သည် ရဟန်းဖြစ်ရာနေ့မှ ၇-ရက်မြောက်သောနေ့၌ မဂဓတိုင်း ကလ္လဝါလရွာငယ်ကို အမှီပြု၍ သီတင်းသုံးနေတော်မူစဉ် ထိန မိဒ္ဓဖြစ်ပေါ်လာသောအခါ မြတ်စွာဘုရားသည်

ထိတ်လန့်စေကာ ထိန မိဒ္ဓကို ပယ်ဖျောက်ပြီး မြတ်စွာဘုရားပေးတော်မူအပ်သော **ဓာတ်ကမ္မဋ္ဌာန်း**ကို နာယူစဉ်ပင် အထက်မဂ်သုံးပါးကိုစွပြီး၍ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်လေ၏။ အရှင်သာရိပုတ္တရာသည် ရဟန်းဖြစ်ရာနေ့မှ ၁၅-ရက်လွန်သောနေ့၌ မြတ်စွာဘုရားနှင့်တကွ ရာဇဂြိုဟ်မြို့ကိုပင် အမှီပြု၍ ဝက်တူးလိုဏ်ဂူ၌ သီတင်းသုံးတော်မူစဉ် တူဖြစ်သူ ဒီဃနခပရိဗိုဇ်အား ဟောအပ်သော ဝေဒနာသိမ်းဆည်း ကြောင်း (**ဝေဒနာပရိဂ္ဂဟ**)သုတ်တော်သို့ ဉာဏ်အစဉ်စေလွှတ်ကာ အထက်မဂ်သုံးပါးကိုစွပြီး၍ သာဝကပါရမီ ဉာဏ်အထွဋ်အထိပ်သို့ ရောက်တော်မူလေ၏။ ဥပမာ-သူတစ်ပါးအတွက် ချက်ထားသောထမင်းကို စားသူကဲ့သို့ ဖြစ်၏။ **အဂ္ဂသာဝကနှစ်ပါး၏ သာဝကပါရမီဉာဏ်သည် ဘုရားရှင်၏ အနီး၌သာ အထွဋ်အထိပ်သို့ ရောက်ရ၏။**

သာဝကပါရမီဉာဏ်ကျင့်ကျက်သော အရှင်သာရိပုတ္တရာထေရ်သည် အဘယ်ကောင်းမှုကံကြောင့် ဤကဲ့သို့ပြည့်စုံမှုရခဲ့သနည်းဟု စူးစမ်းဆင်ခြင်သောအခါ သရဒရသေ့ဘဝက ပြုလုပ်ခဲ့သောအကြောင်းအရာကို သိတော်မူ၏။ တပို့တွဲလပြည့်နေ့ ညနေချမ်းအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော် သာဝကအစည်း အဝေး၌ အရှင်သာရိပုတ္တရာထေရ်အား ပညာကြီးကျယ်သောအရာ၌ အမြတ်ဆုံး (မဟာပညာတေဒဂ္ဂ) ပဌမအဂ္ဂသာဝကရာထူးနှင့် အရှင်မဟာမောဂ္ဂလ္လာန်ထေရ်အား တန်ခိုးကြီးကျယ်သောအရာ၌ အမြတ်ဆုံး (ဣဒ္ဓိမန္တတေဒဂ္ဂ) ဒုတိယအဂ္ဂသာဝကရာထူးကို ပေးတော်မူ၏။ ဩဝါဒပါတိမောက်ကို ရွတ်ပြတော်မူ၏။

**ပါဠိတော် စာကြောင်း ၂**

အထ ခေါ အာယသ္မာ မဟာကောဋ္ဌိကော သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေနာယသ္မာ သာရိပုတ္တော တေနုပသင်္ကမိ ဥပသင်္ကမိတွာ အာယသ္မန္တံ သာရိပုတ္တံ ဧတဒဝေါစ- “သီလဝတာဝုသော (သုတဝတာဝုသော), သာရိပုတ္တ, ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ’’တိ?

**ပါဠိတော် စာကြောင်း ၃**

“သီလဝတာဝုသော (သုတဝတာဝုသော), ကောဋ္ဌိက, ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

ပါဠိတော် စာကြောင်း ၄

ကတမေ ပဉ္စ? သေယျထိဒံ - ရူပုပါဒါနက္ခန္ဓော, ဝေဒနုပါဒါနက္ခန္ဓော, သညုပါဒါနက္ခန္ဓော, သင်္ခါရုပါဒါနက္ခန္ဓော, ဝိညာဏုပါဒါနက္ခန္ဓော။

ပါဠိတော် စာကြောင်း ၅

သီလဝတာဝုသော (သုတဝတာဝုသော), ကောဋ္ဌိက, ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

ပါဠိတော် စာကြောင်း ၆

ဌာနံ ခေါ ပနေတံ, အာဝုသော, ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျာ”တိ။

ပါဠိတော် စာကြောင်း ၇

“သောတာပန္နေန ပနာဝုသော သာရိပုတ္တ, ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ”တိ?

ပါဠိတော် စာကြောင်း ၈

“သောတာပန္နေနပိ ခေါ, အာဝုသော ကောဋ္ဌိက, ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

ပါဠိတော် စာကြောင်း ၉

“သကဒါဂါမိနာ ပနာဝုသော သာရိပုတ္တ, ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ”တိ?

ပါဠိတော် စာကြောင်း ၁၀

“သကဒါဂါမိနာပိ ခေါ, အာဝုသော ကောဋ္ဌိက, ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

ပါဠိတော် စာကြောင်း ၁၁

ဌာနံ ခေါ ပနေတံ, အာဝုသော, ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကရောန္တော အနာဂါမိဖလံ သစ္ဆိကရေယျာ”တိ။

ပါဠိတော် စာကြောင်း ၁၂

“အနာဂါမိနာ ပနာဝုသော သာရိပုတ္တ, ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ”တိ?

ပါဠိတော် စာကြောင်း ၁၃

“အနာဂါမိနာပိ ခေါ, အာဝုသော ကောဋ္ဌိက, ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

ပါဠိတော် စာကြောင်း ၁၄

ဌာနံ ခေါ ပနေတံ, အာဝုသော, ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကရောန္တော အရဟတ္တံ သစ္ဆိကရေယျာ”တိ။

ပါဠိတော် စာကြောင်း ၁၅

“အရဟတာ ပန္နာဝုသော သာရိပုတ္တ, ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ”တိ?

ပါဠိတော် စာကြောင်း ၁၆

“အရဟတာပိ ခေါ, အာဝုသော ကောဋ္ဌိက, ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

ပါဠိတော် စာကြောင်း ၁၇

နတ္ထိ, ခွါဝုသော, အရဟတော ဥတ္တရိ ကရဏီယံ ကတဿ ဝါ ပတိစယော၊ အပိ စ ဣမေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌဓမ္မသုခဝိဟာရာယ စေဝ သံဝတ္တန္တိ သတိသမ္ပဇညာ စာ”တိ။